**MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.**

NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

## ဆ၄မ အကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေး အကြောင်းကြားစာ

စာအမှတ်၊ MMID / AWK – ၀၀၉ / ၂၀၂၀
ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၁၅ ) ရက်

**Mandalay Myotha Industrial Development Public Company Limited (MMID)** ၏ ဆ၄မ အကြိမ်မြောက်အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး အစည်းအဝေး တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် –

### အစည်းအဝေးအစီအစဉ်

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၂၀၂၀ ခုနှစ်၊ မတ်လ (၁၅)ရက် (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | – | နေ့လည် (၂) နာရီ မှ ညနေ (၄) နာရီအထိ |
| ကျင်းပမည့်နေရာ | – | **Mandalay Convention Centre (MCC)** မန္တလေးမြို့ ၇၂ လမ်းနှင့် သိပ္ပံလမ်းထောင့် |
| အစည်းအဝေးတက်ရောက်မည့်သူများစာရင်းသွင်းရန် | – | နေ့လည် ( ၁ း ၃၀ ) နာရီ |

အစည်းအဝေးတွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ပါသည် –

၁။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်ဆေးပြီးနှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော (၆)လကာလအတွက် စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကိုတင်ပြခြင်း၊

၂။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာကို တင်ပြ အတည်ပြုခြင်း၊

၃။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုကိစ္စ ရှင်းလင်းတင်ပြ အတည်ပြုခြင်း၊

၄။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျ နုတ်ထွက်မှု၊ ခန့်အပ်မှုအတည်ပြုခြင်းနှင့် ဒါရိုက်တာများ၏ အခကြေးငွေသတ်မှတ်ခြင်း၊

၅။ **W & Associates Ltd.** လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်များအတွက် စာရင်းစစ်ခန့်အပ်မှုကို အတည်ပြုခြင်း၊

၆။ လက်ရှိအသုံးပြုလျက်ရှိသော သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများအစား မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီရေးဆွဲထားသော ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အသစ်အား ကျင့်သုံးနိုင်ရေးအတွက် ရှင်းလင်းတင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊

၇။ အစုရှယ်ယာရှင်များက မေးမြန်းသည့်မေးခွန်းများကို **BOD** အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများမှ ရှင်းလင်း ဖြေကြားခြင်း။

အမှုဆောင်ဒါရိုက်တာအဖွဲ့
**MMID Public Co., Ltd.**

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

ပူးတွဲပေးပို့သည့်စာရွက်စာတမ်းများ –

(၁) နှစ်ပတ်လည်အထွေထွေအစည်းအဝေး အကြောင်းကြားစာ ---- စာမျက်နှာ –၁
(၂) မဲဆန္ဒပေးရန်ကိုယ်စားလှယ်အဖြစ်လွှဲအပ်ခြင်းပုံစံ ---- စာမျက်နှာ –၃
(၃) ၂၀၁၈–၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၃၀) ရက်နေ့ ကုန်ဆုံးသော (၆)လကာလအတွက် ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာနှင့် အတည်ပြုချက်ရယူမည့် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ---- CD တစ်ချပ်
(၄) ဒါရိုက်တာများ အလှည့်ကျဆောင်ရွက်ခြင်း ---- စာမျက်နှာ –၄
(၅) အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်အဖြစ်ပါဝင်အရွေးခံရန်အဆိုပြုလွှာ ---- စာမျက်နှာ –၅
(၆) လေ့လာရေးခရီးစဉ်စီစဉ်ထားရှိမှု ---- စာမျက်နှာ –၆

မှတ်ချက်။

၁။ အစည်းအဝေးသို့ အစုရှယ်ယာလက်မှတ်နှင့်တကွကြွရောက်ပါရန်အကြောင်းကြားအပ်ပါသည်။

၂။ အစည်းအဝေးသို့ တက်ရောက်မဲပေးခွင့်ရှိသော အစုရှယ်ယာရှင်သည် ကိုယ်စားလှယ်ခန့်အပ်၍ မိမိကိုယ်စားတက်ရောက်မဲပေးခွင့်ရှိသည်။ ကိုယ်စားလှယ်သည် အစုရှယ်ယာရှင်ဖြစ်ရန် လိုအပ်ပါသည်။

၃။ ကိုယ်စားလှယ်ခန့်အပ်ခြင်း စည်းမျဉ်း စည်းကမ်းနှင့်အညီ အတည်ဖြစ်စေရန် စာမျက်နှာ (၃) တွင် ပါဝင်သော ကိုယ်စားလှယ် လွှဲစာကို ဖြည့်စွက် လက်မှတ် ရေးထိုး၍ MMID ရုံးခန်းသို့ (၁၂.၃.၂၀၂၀) ရက် (ကြာသပတေးနေ့) နေ့လည် (၂) နာရီနောက်ဆုံးထား၍ ပေးပို့ရန်လိုအပ်ပါသည်။

၄။ အစုရှယ်ယာရှင်များက မေးမြန်းလိုသောအချက်များကို ဤကုမ္ပဏီသို့ (၁၂.၃.၂၀၂၀) ရက် (ကြာသပတေးနေ့) နေ့လည် (၂) နာရီ နောက်ဆုံးထား၍ပေးပို့ပါရန်အကြောင်းကြားအပ်ပါသည်။

၅။ ယခုနှစ်အလှည့်ကျနုတ်ထွက်မည့်ဒါရိုက်တာများမှာ ဦးကျော်ဇေယျ၊ ဦးအေးဟန် နှင့် ဦးမြတ်ထွဋ် တို့ဖြစ်ကြပါသည်။

<u>ဆက်သွယ်ရန်လိပ်စာ–</u>

မန္တလေးရုံးချုပ် – အမှတ်(၅၁၄/၈)၊ ၂၆ လမ်း၊ ၅၉×၆၀ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း – ၀၉–၃၃၀၆၄၈၉၆ ၊ ၀၉–၄၀၄၀၉၀၅၈၉ ၊ ၀၉–၈၈၄၉၆၃၃၂၆

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

# နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ရန် အစုရှယ်ယာရှင်၏ ကိုယ်စားလှယ်လွှဲစာ

ကျွန်ုပ် ............................................ မန္တလေး-မြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၏ အစုရှင်တစ်ဦးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ..................................................................။ သည် ၂၀၂၀ ခုနှစ်၊ မတ်လ၊ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ နေ့လည် (၂) နာရီတွင် မန္တလေးမြို့ ၇၂ လမ်း၊ သိပ္ပံလမ်းထောင့် Mandalay Convention Center (MCC) ၌ ကျင်းပမည့် MMID Public Company Limited ၏ ဆဌမ အကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးတွင် မဲဆန္ဒပေးခွင့်ရှိသူ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူအဖြစ် အောက်တွင်ဖော်ပြထားသော ပုဂ္ဂိုလ်အားရွေးချယ်ခန့်အပ်ပါသည် -

- ကျေးဇူးပြု၍ အကွက်တွင် ( √ ) လုပ်ပါ။
- အောက်ပါပုဂ္ဂိုလ် (၃) ဦးအနက်မှ (၁) ဦး သို့မဟုတ် အခြားပုဂ္ဂိုလ်အား ရွေးချယ်နိုင်ပါသည်။

( ) ဦးအောင်ဝင်းခိုင်၊ ဥက္ကဋ္ဌ

( ) ဦးထွန်းထွန်းအောင်၊ အုပ်ချုပ်မှုဒါရိုက်တာ

( ) ဦးသန်းဦး ဒါရိုက်တာ

( ) အခြားအစုရှယ်ယာရှင်ပုဂ္ဂိုလ် ............................................ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ......................................................။ MMID Public Company Limited ၏ အစုရှယ်ယာလက်မှတ်အမှတ် ......................................................

နေ့စွဲ၊ ..................

လက်မှတ် ..................................

မှတ်ချက်။

၁။ အစည်းအဝေးသို့တက်ရောက် မဲပေးခွင့်ရှိသော အစုရှယ်ယာရှင်သည် မိမိကိုယ်တိုင် မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်ခန့်အပ်၍ မိမိကိုယ်စားတက်ရောက်မဲပေးခွင့်ရှိသည်။

၂။ ကိုယ်စားလှယ်သည် အစုရှယ်ယာရှင်ဖြစ်ရန်လိုအပ်ပါသည်။

၃။ အစုရှယ်ယာတစ်ခုကို တစ်ဦးထက်ပို၍ အမည်တစ်ခုနှင့်အတူ ပူးတွဲမှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များအနေနှင့် ရှေ့တွင်ဖော်ပြထားသော အစုရှယ်ယာရှင်၏ မဲသာလျှင် အတည်ဖြစ်သည်။

၄။ ဤကိုယ်စားလှယ်လွှဲစာကို (၁၂.၃.၂၀၂၀) ရက် (ကြာသပတေးနေ့) နေ့လည် (၂) နာရီ နောက်ဆုံးထား၍ ကုမ္ပဏီရုံးသို့ အရောက်ပို့ပေးပါရန်။

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

# Mandalay Myotha Industrial Development Public Company Limited

## သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း ပုဒ်မ ၈၄။

## ဒါရိုက်တာများ အလှည့်ကျဆောင်ရွက်ခြင်း

**MMID Public Company Limited** ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းအရ ဒါရိုက်တာများသည် ကုမ္ပဏီ၏ သာမန်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတိုင်းတွင် ယင်းကာလ၌ ဆောင်ရွက်နေသော ဒါရိုက်တာများ၏ သုံးပုံတစ်ပုံ (သို့) အရေအတွက်သည် သုံးဦးမဟုတ်လျှင် (သို့) သုံးနှင့်စား၍မပြတ်သော ဒါရိုက်တာများ အရေအတွက်သည် နုတ်ထွက်ပေးရမည်။ **Corporate Governance** စည်းမျဉ်းစည်းကမ်းများအရ ဒါရိုက်တာ အဖွဲ့ဝင်ခန့်အပ်ရာတွင် **Nomination Committee** ၏ အရည်အချင်းစိစစ်သတ်မှတ်ခြင်းကိုခံယူရန် လိုအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင် (၃) ဦး ဖြစ်သည့်

| | | |
|---|---|---|
| (၁) | ဦးကျော်ဇေယျ | ( ဒါရိုက်တာ ) |
| (၂) | ဦးအေးဟန် | ( ဒါရိုက်တာ ) |
| (၃) | ဦးမြတ်ထွန်း | ( ဒါရိုက်တာ ) |

တို့သည် သင်းဖွဲ့စည်းမျဉ်းအရ နှစ်ပတ်လည်အစည်းအဝေးတွင် အလှည့်ကျ နုတ်ထွက်ပေးရမည့်သူများ ဖြစ်ပါသည်။ နုတ်ထွက်မည့်ဒါရိုက်တာ ဦးမြတ်ထွန်း အား **Nomination Committee** မှ အရည်အချင်း စိစစ်ပြီး ပြန်လည်အရွေးချယ်ခံရန် ခွင့်ပြုထားပါသည်။ ဒါရိုက်တာအဖြစ် အသစ်ဝင်ရောက် ယှဉ်ပြိုင်အရွေးခံမည့် ပုဂ္ဂိုလ်များသည် **Nomination Committee** ၏ အရည်အချင်း စိစစ်မှုကို ခံယူပြီးနောက် ယင်းပုဂ္ဂိုလ်နှင့် ယှဉ်ပြိုင် အရွေးခံရမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဒါရိုက်တာ(၃) ဦးနေရာတွင် အစားထိုးခန့်ထားနိုင်ရန်အတွက် ယှဉ်ပြိုင်အရွေးခံမည့် ပုဂ္ဂိုလ်များ အနေဖြင့် ယှဉ်ပြိုင်အရွေးခံရန်အတွက် ပူးတွဲပါ လိုအပ်သည့်ပုံစံများတွင် ဖြည့်စွက်၍ (၁၂.၃.၂၀၂၀) ရက် (ကြာသပတေးနေ့) နေ့လည် (၂) နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

သို့

**Nomination Committee**

**Mandalay Myotha Industrial Development Public Co., Ltd**

အမှတ်(၅၁၄/၈)၊ ၂၆လမ်း၊ ၅၉ နှင့် ၆၀ လမ်းကြား၊

အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ ။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်အရွေးခံရန် အဆိုပြုလွှာ။

လူကြီးမင်းခင်ဗျား

**Mandalay Myotha Industrial Development Public Company Limited** ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို လိုက်နာလျက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်အသစ်များ ပြန်လည်ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးချယ်ခံလိုပါကြောင်း အဆိုပြုပါသည်။

အဆိုပြုသူလက်မှတ် ----------------------------------

အဆိုပြုသူအမည် ----------------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------

နေရပ်လိပ်စာ ----------------------------------

----------------------------------

အစုရှယ်ယာလက်မှတ်အမှတ်နှင့် ----------------------------------

ပိုင်ဆိုင်သည့်အစုအရေအတွက် ----------------------------------

ဖုန်း ----------------------------------

ပူးတွဲပါ

၁။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့်ရဲစခန်း၏ ထောက်ခံချက်။

၂။ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်။

မှတ်ချက်။

အဆိုပြုသူသည် ၃၁-၁၂-၂၀၁၉ နေ့တွင် အစုရှယ်ယာအရေအတွက် ၅၀၀၀၀ စု အနည်းဆုံး ပိုင်ဆိုင်ရပါမည်။ (၁၂.၃.၂၀၂၀) ရက် (ကြာသပတေးနေ့) နေ့လည် (၂) နာရီ နောက်ဆုံးထားပေးပို့ရန်နှင့် ၎င်းအချိန်ထက် ကျော်လွန်ပါက **Nomination Committee** မှ လက်ခံစဉ်းစားမည် မဟုတ်ပါ။

**MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.**
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

# ‘‘လေ့လာရေးခရီးစဉ် စီစဉ်ထားရှိမှုအသိပေးတင်ပြခြင်း’’

၁။ မန္တလေးမြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် **(MMID)** မှ မြို့သာစက်မှုဥယျာဉ်ဇုန်ဧရိယာအတွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို အစုရှယ်ယာရှင်များ ကွင်းဆင်းလေ့လာကြည့်ရှုနိုင်ရန်အတွက် ‘‘လေ့လာရေးခရီးစဉ်’’ အနေဖြင့်အောက်ဖော်ပြပါအတိုင်း စီစဉ်ထားရှိပါသည်

( က ) နေ့ရက် – ၂၀၂၀ ခုနှစ်၊ မတ်လ (၁၆) ရက်

( ခ ) အချိန် – နံနက် (၀၇း၃၀) နာရီ
(နံနက် (၀၈း၃၀) နာရီတိတိ နောက်ဆုံးထား၍ ကားများထွက်ခွာပါမည်။)

( ဂ ) စုရပ် – ‘‘မန္တလေးမြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်’’
အမှတ် (၅၁၄/၈) (၂၆) လမ်း၊ ၅၉ × ၆၀ လမ်းကြား၊
မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

၂။ အထက်ပါ ခရီးစဉ်အား လိုက်ပါလိုသော အစုရှယ်ယာရှင်များသည် **(MMID)** ရုံးချုပ်၊ **Marketing** ဌာန ဖုန်းအမှတ် ၀၉-၃၃၀၆၄၈၉၆ ၊ ၀၉-၄၀၄၀၉၀၅၈၉ သို့ (၁၂.၃.၂၀၂၀) ရက် (ကြာသပတေးနေ့) ညနေ (၄) နာရီ နောက်ဆုံးထား၍စာရင်းပေးသွင်းကြပါရန်လေးစားစွာဖြင့်မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။